mgyoe.com




# အသေးစား
# ငွေရေးကြေးရေးလုပ်ငန်း
# ဥပဒေ

ကျော်မောင်မောင်

mgyoe.com

mgyoe.com



အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ

ဖိုးခွင်းကြယ်
ဥပဒေစာအုပ်

LAW0004
700.00 KS

mgyoe.com


| | | |
|---|---|---|
| စာအုပ်အမည် | - | အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ |
| စာရေးသူ/စီစဉ်သူ | - | ကျော်မောင်မောင် |
| ထုတ်ဝေသူ | - | ဒေါ်အိဝတ်ရည်ထွန်း၊ DUTY(ဂျူတီ)စာပေ(၀၂၀၇၇)<br>အမှတ်(၄၉၉)၊ ဗ-လွှာ(က)၊ မွှားရုံလမ်း၊<br>(၁၀) ရပ်ကွက်၊ လှိုင်မြို့နယ်။ |
| ပုံနှိပ်သူ | - | ဦးစန်းဦး၊ SKCC Press(၀၀၄၁၃)<br>၆၇၊ ၁၆၄ လမ်း၊ တာမွေ၊<br>၂၀၁၈၊ ဧပြီလ၊ ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၇၀၀ ကျပ် |


mgyoe.com

mgyoe.com

# မာတိကာ


**အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ**

၁။ အခန်း(၁) ၆
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၂။ အခန်း(၂) ၉
ရည်ရွယ်ချက်

၃။ အခန်း(၃) ၁၀
ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး
လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အခန်း(၄) ၁၁
အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ
ဖွဲ့စည်းခြင်း၊ ယင်းကော်မတီ၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ အခန်း(၅) ၁၄
အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း
ကော်မတီဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏လုပ်ငန်းတာဝန်များ

၆။ အခန်း(၆) ၁၆
မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၏
လုပ်ငန်းတာဝန်များ




mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၇။ | အခန်း(၇)<br>ဖွဲ့စည်းတည်ထောင်ခြင်း | ၁၈ |
| ၈။ | အခန်း(၈)<br>လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် | ၂၀ |
| ၉။ | အခန်း(၉)<br>အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၂၅ |
| ၁၀။ | အခန်း(၁၀)<br>စာရင်းစစ်ဆေးခြင်း၊ အစီရင်ခံခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း | ၂၈ |
| ၁၁။ | အခန်း(၁၁)<br>စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း | ၃၁ |
| ၁၂။ | အခန်း(၁၂)<br>စာရင်းရှင်းလင်းဖျက်သိမ်းခြင်း | ၃၃ |
| ၁၃။ | အခန်း(၁၃)<br>တားမြစ်ချက်များ | ၃၅ |
| ၁၄။ | အခန်း(၁၄)<br>ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၃၆ |
| ၁၅။ | အခန်း(၁၅)<br>အထွေထွေ | ၃၇ |


❑


mgyoe.com

mgyoe.com

# အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃။)

၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်

(၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

mgyoe.com

mgyoe.com

# အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ
## (၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃။)
## ၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်
## (၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကိုအသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) အသေးစားငွေရေးကြေးရေးလုပ်ငန်း ဆိုသည်မှာ အခြေခံလူတန်းစားအား အသေးစားချေးငွေထုတ်ပေးခြင်း၊ ယင်းတို့ထံမှအပ်ငွေလက်ခံခြင်း၊ ငွေလွှဲပြောင်းပေးပို့ခြင်း၊ အာမခံလုပ်ငန်းလုပ်ကိုင်ခြင်း၊ ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်းနှင့် အခြားငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။

mgyoe.com

mgyoe.com


(ခ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း ဆိုသည်မှာ အခြေခံလူတန်းစား၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်နှင့် ယင်းတို့၏လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားစေရန် မ,တည်ငွေ၊ လှူဒါန်းငွေနှင့်ထောက်ပံ့ငွေများထည့်ဝင်ပြီး လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရယူ၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်သည့်သက်ဆိုင်ရာဥပဒေအရ ဖွဲ့စည်းမှတ်ပုံတင်ထားသော ပြည်တွင်းပြည်ပမှ အဖွဲ့အစည်း၊ အစုစပ်လုပ်ငန်း၊ ကုမ္ပဏီ၊ သမဝါယမအသင်း ဘဏ်နှင့်ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများကို ဆိုသည်။

(ဂ) အသေးစားချေးငွေ ဆိုသည်မှာ အခြေခံလူတန်းစား၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်နှင့် ယင်းတို့၏ လူမှုစီးပွားရေးဘဝကိုတိုးတက်မြင့်မားရန် အာမခံပစ္စည်းတင်သွင်းရန် မလိုဘဲ ထုတ်ချေးသည့်ငွေကို ဆိုသည်။

(ဃ) အခြေခံလူတန်းစား ဆိုသည်မှာ ကျေးလက်နှင့်မြို့ပြဝင်ငွေနည်းပါးသည့် တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် ဈေးသည်များအပါအဝင် ပြည်သူများကို ဆိုသည်။

(င) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီ ဆိုသည်မှာ နိုင်ငံတော်သမ္မတရုံးကဖွဲ့စည်းသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီကို ဆိုသည်။

(စ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကို ဆိုသည်။

(ဆ) ကြီးကြပ်မှုကော်မတီ ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသော အသေးစားငွေရေးကြေးရေး


mgyoe.com

mgyoe.com

လုပ်ငန်းကြီးကြပ်မှုကော်မတီကို ဆိုသည်။

(ဓ) လုပ်ငန်းကော်မတီ ဆိုသည်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီက ဤဥပဒေအရ ဖွဲ့စည်းထားသည့် အသေးစားငွေရေးကြေးရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ဆိုသည်။

(ဈ) မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး လုပ်ငန်း ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေး နှင့်အခွန်ဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့အသေးစားငွေရေး ကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းကို ဆိုသည်။

(ည) စီမံခန့်ခွဲမှုအဖွဲ့ ဆိုသည်မှာ အသေးစားငွေရေးကြေးရေးအဖွဲ့ အစည်းတစ်ခု၏ စီမံခန့်ခွဲမှုအဖွဲ့ကို ဆိုသည်။

(ဋ) အပ်ငွေ ဆိုသည်မှာ တောင်းခံလျှင်ဖြစ်စေ၊ အခြားအခြေအနေ တစ်ရပ်ရပ်တွင်ဖြစ်စေ ပြန်လည်ပေးရန်ဖြစ်သော အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်း၏ အသင်းသားအဖွဲ့ဝင်က အပ်နှံ သည့်ငွေကိုဆိုသည်။ ယင်းစကားရပ်တွင် စုဆောင်းငွေလည်း ပါဝင်သည်။

(ဌ) လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ဆိုသည်မှာဤဥပဒေအရထုတ် ပေးသော အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ကိုဆိုသည်။

❑

mgyoe.com

mgyoe.com

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အခြေခံလူတန်းစား၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်၊

(ခ) အခြေခံလူတန်းစား၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊

(ဃ) ချွေတာစုဆောင်းသည့် အလေ့အထ ပြုစုပျိုးထောင်ပေးရန်၊

(င) အသေးစားစီးပွားရေးလုပ်ငန်း အသစ်များပေါ်ထွက်လာ စေရေး အတွက် အားပေးရန်၊

(စ) အိမ်တွင်း စီးပွားရေးလုပ်ငန်းများ ဖန်ဆီးပေးရန်နှင့် ချဲ့ထွင်ပေးရန်၊

(ဆ) အခြေခံလူတန်းစားအား စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအပြင် အခြား ဝင်ငွေ ရရှိနိုင်သောနည်းလမ်းများဖြင့် အကူအညီပေးရန်၊

(ဇ) ပြည်တွင်း ပြည်ပမှ နည်းပညာများ ရယူဖြန့်ဖြူးပေးရန်။

❑



mgyoe.com

mgyoe.com

## အခန်း (၃)
## ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ နိုင်ငံတော်သမ္မတရုံးသည် ဒုတိယသမ္မတတစ်ဦးက ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

၅။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော်ရှိ လုပ်ငန်းကော်မတီများအားပေါင်းစပ်ကူညီဖြည့်ဆည်းပေးရမည်။

❑



mgyoe.com

mgyoe.com

# အခန်း (၄)
## အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း၊ ယင်းကော်မတီ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း သင့်လျော်သော အစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက အဖွဲ့ဝင်များလည်းကောင်း ပါဝင်သည့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းရမည်။

၇။ ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကော်မတီက ချမှတ်ပေးသည့် အသေးစားငွေရေးကြေးရေး လုပ်ငန်းဆိုင်ရာမူဝါဒနှင့် လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(ခ) လုပ်ငန်းကော်မတီများအား အသေးစား ငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ မူဝါဒနှင့် လမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊

(ဂ) သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အသင်းအဖွဲ့များ၊ အထူးပြုကုမ္ပဏီများ၊ ဘဏ်များနှင့် ချိတ်ဆက်၍ အသေးစားငွေရေးကြေးရေး



mgyoe.com

mgyoe.com

လုပ်ငန်းများအား ငွေကြေးပံ့ပိုးနိုင်ရေး စီမံဆောင်ရွက်ပေးခြင်း၊

(ဃ) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

( င ) အသေးစား ငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်ထား ခြင်းနှင့် စပ်လျဉ်း၍ စိစစ်ခွင့်ပြုခြင်း၊

( စ ) အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့် အဖွဲ့ အစည်းအား အဖွဲ့အစည်းအမျိုးအစားအလိုက် အနည်းဆုံး ထည့်ဝင်ရမည့် မ,တည်ငွေရင်းကို သတ်မှတ်ခြင်း၊

(ဆ) ဈေးကွက်နှင့် လိုက်လျောညီထွေဖြစ်စေရန် အပ်ငွေအပေါ်ပေး ရမည့် အတိုးနှုန်းထုတ်ချေးငွေအပေါ် ကောက်ခံရမည့် အတိုး နှုန်းနှင့် ဝန်ဆောင်ခနှုန်းများအား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၏ ကျင့်သုံးလျက်ရှိသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီသတ် မှတ်ခြင်း၊

( ဇ ) စည်းကမ်းလိုက်နာမှုမရှိသော အသေးစားငွေရေးကြေးအဖွဲ့အစည်း များအား စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်း၊

( ဈ ) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင် ရွက်မှုအခြေအနေအား စိစစ်သုံးသပ်၍ ကျေးလက်ဒေသဖွံ့ဖြိုး ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီသို့ အစီ ရင်ခံတင်ပြခြင်း။

၈။ ကြီးကြပ်မှုကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အသေးစားငွေရေးကြေးရေးလုပ်ငန်းအတွက် လုပ်ငန်းလုပ်ကိုင် ခွင့် လိုင်စင်ကြေး၊ ထပ်မံတိုးမြှင့်သည့် မ,တည်ငွေပမာဏအပေါ်



mgyoe.com

mgyoe.com



ကောက်ခံသည့် လိုင်စင်ကြေးနှင့် နှစ်စဉ်လိုင်စင်ကြေးများကို သတ်မှတ်ခြင်း၊

(ခ) ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ပြည်တွင်း သို့မဟုတ် ပြည်ပမှ ပုဂ္ဂိုလ်တစ်ဦးဦးကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ဖြင့် ငှားရမ်းအသုံးပြုခြင်း၊

(ဂ) အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း။

❑



mgyoe.com

mgyoe.com

# အခန်း (၅)
# အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များ

၉။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီတို့သည် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် သက်ဆိုင်ရာ အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

၁၀။ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) သက်ဆိုင်ရာဝန်ကြီးဌာန၊အသင်းအဖွဲ့များ၊ အထူးပြုကုမ္ပဏီများဘဏ်များနှင့် ချိတ်ဆက်၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းများအား ငွေကြေးပံ့ပိုးနိုင်ရေး စီမံဆောင်ရွက်ပေးခြင်း၊

(ခ) အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်လွှာများကို စိစစ်၍ကြီးကြပ်မှုကော်မတီသို့တင်ပြခြင်း၊

(ဂ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သတ်မှတ်ချက်များနှင့်အညီ ကြီးကြပ်မှုကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊



mgyoe.com

mgyoe.com

(င) အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ရှင်သန်တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် လေ့ကျင့်သင်ကြားခြင်းနှင့် ပညာပြန့်ပွားပေးခြင်း။

(စ) ကြီးကြပ်မှုကော်မတီက အခါအားလျော်စွာပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

❑

mgyoe.com